## Ground Base မြေပြင်တာဝါ ဆောက်လုပ်ခွင့်အတွက် လိုအပ်သော အချက်အလက်များ

၁။ NFS(C) လိုင်စင်ရရှိသူမှ တာဝါဆောက်လုပ်ခွင့်တောင်းခံခြင်း လျှောက်လွှာ( Company Letter ဖြင့်)

၂။ မြေပိုင်ရှင်၏ မှတ်ပုံတင် မိတ္တူ။

၃။ မြေပိုင်ရှင်၏ သန်းခေါင်စာရင်း မိတ္တူ။

၄။ သတ်မှတ်ထားသော Build Pack (Tower အတွက် Detail Design and Drawings ( လိုင်စင်အင်ဂျင်နီယာ၏ လက်မှတ်ဖြင့်) ၊ Design and Drawings များနှင့် စပ်လျဉ်း၍ စိစစ်လက်မှတ်ရေးထိုးပေးထားသော လိုင်စင်ရ အင်ဂျင်နီယာ၏ မိတ္တူ)ကို ပြည့်စုံစွာ တင်ပြရန်၊

၅။ အရပ်လေးမျက်နှာအိမ်နီးချင်းများ၏ Tower တည်ဆောက်မှုအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

၆။ သက်ဆိုင်ရာကျေးရွာ (သို့မဟုတ်)ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊

၇။ မြို့နယ်အုပ်ချုပ်ရေးမှူး သိရှိကြောင်းနှင့် ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာ၊

၈။ ကုမ္ပဏီ၏ မှတ်ပုံတင်မိတ္တူ။

၉။ ဝန်ကြီးဌာနဆိုင်ရာ နယ်မြေများတွင် တာဝါတည်ဆောက်လိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူတင်ပြရန်၊

၁၀။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များမှ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းအရ မြို့တွင်းလျှပ်စစ်ကြိုး၊ Underground ကြိုး၊ ရေပိုက်သွယ်တန်းမှု၊ လမ်းတိုးချဲ့မှုစီမံကိန်း၊ Power High Tension Line ၊ Gas Pipe Line ကဲ့သို့သော critical infrastructure များနှင့် နီးသော မြေနေရာများတွင် တာဝါတည်ဆောက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက် ရရှိပြီးမှ ဆောင်ရွက်ရန်၊

၁၁။ လေယာဉ်ကွင်းဧရိယာ၊ လမ်းဧရိယာ၊ အကျဉ်းထောင်နှင့်နီးသော နေရာများတွင် တာဝါတည်ဆောက်လိုပါက သက်ဆိုင်ရာ ဦးစီးဌာန၏ ထောက်ခံချက် ရယူဆောင်ရွက်ရန်၊

၁၂။ တာဝါတည်ဆောက်ရာတွင် (Minimun Expected Service Years) အနည်းဆုံး (၁၅) နှစ် သက်တမ်းကာလ ခံနိုင်ရည်ရှိသည့်ပုံစံဖြင့် တည်ဆောက်ရန်၊

၁၃။ Obstruction Lighting ၊ မိုးကြိုးလွဲ စံနစ်နှင့် Earthing စံနစ် ဧရိယာတို့အား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ထားရန်၊

၁၄။ Minimum Distance သတ်မှတ်ချက်

- 45m နှင့်45m အောက်ရှိသောတာဝါတိုင် 150m (Minimum Distance )
- 45m အထက်ရှိသော တာဝါတိုင် 200m (Minimum Distance )

၁၅။ တာဝါတိုင်များတွင် အခြားဆက်သွယ်ရေး Operator များ၏ Antenna များတပ်ဆင်နိုင်ရန် နှင့် (Tower Sharing) ပြုလုပ်နိုင်ရန် ကြိုးခိုင်မှုနှင့် နေရာလွတ်ထားရှိရန်၊

၁၆။ တာဝါ၏ Color အား Natural Color ဖြစ်ရန်နှင့် သံချေးမတက်စေရေး Galvanize ပြုလုပ်ထားရန်၊ လေယာဉ်ကွင်းအနီးတဝိုက်တွင် နိုင်ငံတကာ စံနှုန်းအတိုင်း Color ဆေးသုတ်ထားရန်၊

၁၇။ Radiation Exposure Limit နှင့် ပတ်သက်၍ ICNIRP နှင့် WHO တို့၏ အောက်ပါ Guideline များနှင့် အညီ ဆောင်ရွက်ထားရှိရန်-

| Type of Exposure | Frequency | E-field strength (V/m) | H-field strength (A/m) | Equivalent plane wave power density Seq ($W/m^2$) |
|---|---|---|---|---|
| Occupational worker | 10-400 MHz | 61 | 0.16 | - |
| | 400-2000 MHz | $3f^{1/2}$ | $0.008f^{1/2}$ | f/40 |
| | 2-300 GHz | 137 | 0.36 | 50 |
| General public | 10-400 MHz | 28 | 0.073 | - |
| | 400-2000 MHz | $1.375f^{1/2}$ | $0.0037f^{1/2}$ | f/200 |
| | 2-300 GHz | 61 | 0.16 | 10 |

| Type of Exposure | Frequency | Whole body average SAR[2] (W/kg) | Localised SAR[2] (head and trunk) (W/kg) | Localised SAR[2] (limbs) (W/kg) |
|---|---|---|---|---|
| Occupational worker | 10 MHz-10 GHz | 0.4 | 10 | 20 |
| General public | 10 MHz-10 GHz | 0.08 | 2 | 4 |

## Roof Top ခေါင်မိုး တပ်ဆင် တာဝါဆောက်လုပ်ခွင့်အတွက် လိုအပ်သော အချက်အလက်များ

၁။ NFS(C) လိုင်စင်ရရှိသူမှ တာဝါဆောက်လုပ်ခွင့်တောင်းခံခြင်းလျှောက်လွှာ (Company Letter ဖြင့် )

၂။ အဆောက်အဦတာဝန်ခံ ခွင့်ပြုချက်၊

၃။ အပေါ်ဆုံးထပ်နေထိုင်သူနှင့် အဆောက်အဦတွင် နေထိုင်သူများအားလုံး၏ သဘောတူညီချက်

၄။ သတ်မှတ်ထားသော Build Pack (Tower အတွက် Detail Design and Drawings ( လိုင်စင်အင်ဂျင်နီယာ၏ လက်မှတ်ဖြင့်) ၊ Design and Drawings များနှင့် စပ်လျဉ်း၍ စိစစ်လက်မှတ်ရေးထိုးပေးထားသော လိုင်စင်ရ အင်ဂျင်နီယာ၏ မိတ္တူ)ကို ပြည့်စုံစွာ တင်ပြရန်၊

၅။ သက်ဆိုင်ရာကျေးရွာ (သို့မဟုတ်) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊

၆။ မြို့နယ်အုပ်ချုပ်ရေးမှူး သိရှိကြောင်းနှင့် ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာ၊

၇။ ကုမ္ပဏီ၏ မှတ်ပုံတင်မိတ္တူ၊

၈။ ဝန်ကြီးဌာနဆိုင်ရာ နယ်မြေများတွင် တာဝါတည်ဆောက်လိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက် ရရှိပြီးမှ ဆောင်ရွက်ရန်၊

၉။ လေယာဉ်ကွင်းဧရိယာ၊ လမ်းဧရိယာ၊ အကျဉ်းထောင်နှင့်နီးသော နေရာများတွင် တာဝါတည်ဆောက်လိုပါက သက်ဆိုင်ရာ ဦးစီးဌာန၏ ထောက်ခံချက် ရယူဆောင်ရွက်ရန်၊

၁၀။ Power High Tension Line နှင့် နီးသောမြေနေရာများတွင် တာဝါတည်ဆောက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ရန်၊

၁၁။ တာဝါတည်ဆောက်မည့် အဆောက်အဦးကြံခိုင်မှုကို စစ်ဆေးမှုပြုလုပ်၍ ဆောင်ရွက်ရန်၊

၁၂။ တာဝါတည်ဆောက်ရာတွင် (Minimum Expected Service Years) အနည်းဆုံး (၁၅) နှစ် သက်တမ်းကာလ ခံနိုင်ရည်ရှိသည့်ပုံစံဖြင့် တည်ဆောက်ရန်၊

၁၃။ Protection Area (တာဝါဘေးပတ်လည် အကွာအဝေး) 12.5 m ထားရှိရန်၊

၁၄။ Obstruction Lighting ၊ မိုးကြိုးလွဲ စံနစ်နှင့် Earthing စံနစ် ဧရိယာတို့အား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ထားရန်၊

၁၅။ Radiation Exposure Limit နှင့် ပတ်သက်၍ ICNIRP နှင့် WHO တို့၏ အောက်ပါ Guideline များနှင့် အညီ ဆောင်ရွက်ထားရှိရန်-

| Type of Exposure | Frequency | E-field strength (V/m) | H-field strength (A/m) | Equivalent plane wave power density Seq ($W/m^2$) |
|---|---|---|---|---|
| Occupational worker | 10-400 MHz | 61 | 0.16 | - |
| | 400-2000 MHz | $3f^{1/2}$ | $0.008f^{1/2}$ | f/40 |
| | 2-300 GHz | 137 | 0.36 | 50 |
| General public | 10-400 MHz | 28 | 0.073 | - |
| | 400-2000 MHz | $1.375f^{1/2}$ | $0.0037f^{1/2}$ | f/200 |
| | 2-300 GHz | 61 | 0.16 | 10 |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀–ဆည /ခွဲ(၅)/ တာဝါ/ ၃၄ ၀၈
ရက် စွဲ ၂၀၁၅ ခုနှစ်၊ ဇွန် လ ၂ ရက်

အကြောင်းအရာ။ ဆက်သွယ်ရေးတာဝါတိုင်များတွင် အချက်ပြမီး(Obstruction Light) တပ်ဆင်ရန်ကိစ္စ

၁။ အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသော ကုမ္ပဏီများ အနေဖြင့် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်၍ မိုဘိုင်းဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးလျက်ရှိရာ လေကြောင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် တည်ဆောက်ပြီးနှင့် ထပ်မံတည်ဆောက်မည့် တာဝါတိုင်များတွင် တာဝါအချက်ပြမီး (OB Light) များတပ်ဆင်ထွန်းညှိသွားကြရန်နှင့် မီးမလင်းသည့်တာဝါများအား စစ်ဆေးပြုပြင်သွားရန် အကြောင်းကြားပါသည်။

၂။ တာဝါတိုင်များအား Obstruction Light (OB Light) တပ်ဆင်ရာတွင် International Civil Aviation Organization (ICAO) နှင့် မြန်မာနိုင်ငံလေကြောင်းဝိုဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (DCA) မှထုတ်ပြန်ထားသော ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

21/6/2015

(ဖိုးသိန်း)
ညွှန်ကြားရေးမှူးချုပ်(ပူးတွဲတာဝန်)

ဖြန့်ဝေခြင်း

- ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
- အမှုဆောင်အရာရှိချုပ်၊Myanmar Economic Coporation
- အမှုဆောင်အရာရှိချုပ်၊Telenor Myanmar Limited
- အမှုဆောင်အရာရှိချုပ်၊Ooredoo Myanmar Limited
- အမှုဆောင်အရာရှိချုပ်၊Yatanarpon Teleport Limited
- အမှုဆောင်အရာရှိချုပ်၊KDDI Summit Global Myanmar Co., Ltd.
- အမှုဆောင်အရာရှိချုပ်၊Digicel Myanmar Tower Co., Ltd.
- အမှုဆောင်အရာရှိချုပ်၊Irrawaddy Green Tower Co., Ltd.
- အမှုဆောင်အရာရှိချုပ်၊Apollo Tower Myanmar Co., Ltd.

- အမှုဆောင်အရာရှိချုပ်၊Pan Asia Majestic Eagle Co., Ltd.
- အမှုဆောင်အရာရှိချုပ်၊Eco Friendly Co., Ltd.

မိတ္တူကို-

-ရုံးလက်ခံ

- မျှော်စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀-ဆည/ခွဲ(၅) တာဝါ/၁၂၇၀
ရက်စွဲ ၊၂၀၁၇ ခုနှစ် ၊ မတ်လ ၅ ရက်

အကြောင်းအရာ။ ။ ဆက်သွယ်ရေးတာဝါတိုင်များတွင် အချက်ပြမီး(Obstruction Light) တပ်ဆင်ရန်ကိစ္စ

ရည်ညွှန်းချက်။ ။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၂-၆-၂၀၁၅) ရက်စွဲပါစာအမှတ် ၊ ၅၀၀-ဆည/ခွဲ(၅)တာဝါ/၃၄၀၈

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိသောကုမ္ပဏီများအနေဖြင့် ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်၍ မိုဘိုင်းဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများပေးလျက်ရှိရာ လေကြောင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် တည်ဆောက်ပြီးနှင့် ထပ်မံတည်ဆောက်မည့် တာဝါတိုင်များတွင် တာဝါအချက်ပြမီး(OB Light)များ တပ်ဆင်ထွန်းညှိသွားကြရန်၊ မီးမလင်းသည့် တာဝါများအား စစ်ဆေးပြုပြင်သွားရန်နှင့် တာဝါတိုင်များအား Obstruction Light (OB Light) တပ်ဆင်ရာတွင် International Civil Aviation Organization (ICAO)နှင့် မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(DCA)မှထုတ်ပြန်ထားသော ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်သွားရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ပါသော်လည်း အချို့တာဝါတိုင်များတွင် Obstruction Light(OB Light) များတပ်ဆင်ထားမှုမရှိသေးခြင်း၊ တပ်ဆင်ထားသော OB Light များမီးမလင်းခြင်းများ တွေ့ရှိရပါသဖြင့် တာဝါတိုင်များတွင်တာဝါအချက်ပြမီး(OB Light) များတပ်ဆင်ထွန်းညှိသွားကြရန်နှင့် မီးမလင်းသည့် တာဝါတိုင်များအား စစ်ဆေးပြုပြင်သွားရန် ထပ်မံသတိပေးအကြောင်းကြားပါသည်။လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရပါက ဥပဒေ၊နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အမှုဆောင်အရာရှိချုပ်၊Telenor Myanmar Limited

အမှုဆောင်အရာရှိချုပ်၊Ooredoo Myanmar Limited

ဥက္ကဋ္ဌ၊Myanmar National Tele &Communication Co., Limited

အမှုဆောင်အရာရှိချုပ်၊Yatanarpon Teleport Limited

အမှုဆောင်အရာရှိချုပ်၊KDDI Summit Global Myanmar Co.,Limited

အမှုဆောင်အရာရှိချုပ်၊Apollo Towers Myanmar Limited

အမှုဆောင်အရာရှိချုပ်၊Irrawaddy Green Towers Limited

အမှုဆောင်အရာရှိချုပ်၊edotdo Myanmar Limited

အမှုဆောင်အရာရှိချုပ်၊Panasia Majestic Eagle Limited

အမှုဆောင်အရာရှိချုပ်၊Eco Friendly Tower Company Limited

အမှုဆောင်အရာရှိချုပ်၊TPR Myanmar Limited

အမှုဆောင်အရာရှိချုပ်၊OCK Yangon Myanmar Limited

အမှုဆောင်အရာရှိချုပ်၊KBZ Gateway Company Limited

အမှုဆောင်အရာရှိချုပ်၊Manaw Myay Company Limited

မိတ္တူကို-

- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၁၁၀-ဆည / ခွဲ(၅) တာဝါ / ၁၃၆၄
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ မတ်လ ၈ ရက်

အကြောင်းအရာ။ **မီးစက်အင်ဂျင်သံနှင့်စပ်လျဉ်း၍သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်အားလိုက်နာဆောင်ရွက်သွားရန်ကိစ္စ**

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတည်ဆောက်သည့် ကုမ္ပဏီများအနေဖြင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များတည်ဆောက်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် တည်ဆောက်ပြီးတာဝါတိုင်များ၌ ကွန်ရက်ဖြန့်ကြက်အသုံးပြုရန်အတွက် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ဓါတ်အားရယူအသုံးပြုရှိလည်းကောင်း၊လျှပ်စစ်ဓါတ်အားမရရှိသေးသည့် ဒေသများတွင် မီးစက်(Generator) အသုံးပြုရှိလည်းကောင်း ဆောင်ရွက်လျက်ရှိရာ မီးစက်အင်ဂျင်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကန့်ကွက်တိုင်ကြားမှုများမှာလည်း တစ်ဖြည်းဖြည်း များလာသည်ကို စိစစ်တွေ့ရှိရပါသည်။

၂။ မီးစက်အင်ဂျင်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအား အနှောက်အယှက်မဖြစ်စေရန်နှင့် မီးစက်နှင့်ပတ်သက်၍ မလိုလားအပ်သော ကန့်ကွက်ဘိုင်ကြားမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာအော်ပရေတာများနှင့် တာဝါကုမ္ပဏီများအနေဖြင့် အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး (၂၃.၂.၂၀၁၇) ရက်နေ့တွင်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် တာဝါတိုင်များတွင်အသုံးပြုသည့် မီးစက်များမှ ထုတ်လွှတ်သော အသံ(Generator Noise Level) နှင့်ပတ်သက်သည့် အစည်းအဝေးတစ်ရပ်ကိုကျင်းပ၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဆူညံသံဆိုင်ရာ သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ရန်ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍သက်ဆိုင်ရာ ဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါကုမ္ပဏီများအနေဖြင့်တာဝါတိုင်များတွင် အသုံးပြုသည့် မီးစက်များ၏ အသံနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ (၂၉.၁၂.၂၀၁၅)ရက်နေ့တွင် ထုတ်ပြန်သည့်သတ်မှတ်ချက်အတိုင်းလိုက်နာဆောင်ရွက်ရန်၊ပတ်ဝန်းကျင်ပြည်သူလူထုအပေါ် ဆူညံသံသက်ရောက်မှုသည် အမြင့်ဆုံးလက်ခံနိုင်သည့် ဆူညံသံအဆင့်(Noise Level)လမ်းညွှန် သတ်မှတ်ချက်ထက်ကျော်လွန်မည်ဟု

တိုင်းတာသိရှိလျှင် (သို့မဟုတ်) ကျော်လွန်မည်ကိုစနစ်မှန်းနိုင်လျှင် ဆူညံသံအား တားဆီးကာကွယ်ခြင်းနှင့် လျှော့ချခြင်းပြုလုပ်ရန် အကြောင်းကြားပါသည်။ဤစာကိုလက်ခံရရှိကြောင်း နှင့်ကုမ္ပဏီများ၏ အရေးယူဆောင်ရွက်ချက်များကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သို့ပြန်ကြားပေးရန် အကြောင်းကြားပါသည်။

ပူးတွဲပါ (၅) ရွက်

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အမှုဆောင်အရာရှိချုပ်၊Telenor Myanmar Limited

အမှုဆောင်အရာရှိချုပ်၊Ooredoo Myanmar Limited

ဥက္ကဋ္ဌ၊Myanmar National Tele&Communication Co.,Limited

အမှုဆောင်အရာရှိချုပ်၊KDDI Summit Global Myanmar Co., Limited

အမှုဆောင်အရာရှိချုပ်၊Apollo Towers Myanmar Limited

အမှုဆောင်အရာရှိချုပ်၊Irrawaddy Green Towers Limited

အမှုဆောင်အရာရှိချုပ်၊edotdo Myanmar Limited

အမှုဆောင်အရာရှိချုပ်၊Panasia Majestic Eagle Limited

အမှုဆောင်အရာရှိချုပ်၊Eco Friendly Tower Company Limited

အမှုဆောင်အရာရှိချုပ်၊TPR Myanmar Limited

အမှုဆောင်အရာရှိချုပ်၊OCK Yangon Myanmar Limited

အမှုဆောင်အရာရှိချုပ်၊KBZ Gateway Company Limited

အမှုဆောင်အရာရှိချုပ်၊Manaw Myay Company Limited

မိတ္တူကို-

-ပြည်ထောင်စုဝန်ကြီးရုံး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

-ရုံးလက်ခံ

-မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀ - ဆည/ ခွဲ( ၅ )ဖိုင်ဘာ / ၄၁၇၄
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၀ ရက်

အကြောင်းအရာ။ **ဖိုင်ဘာလမ်းကြောင်းများ တည်ဆောက်ခြင်း နှင့်စပ်လျဉ်း၍ ညွှန်ကြားချက် ပေးပို့ခြင်း**

၁။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတဝှမ်းတွင် Backbone Fiber ၊ Metro Fiber ၊ Cross-border Fiber များတည်ဆောက်ခြင်း ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အတွက်လိုအပ်သည့် Fiber Infrastructure များစနစ်တကျ ဖြစ်စေရေး နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လည်းကောင်း၊ အခြားဝန်ကြီးဌာနအစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးနိုင်ရေးအတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ဦးစွာတင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများအနေဖြင့် ဖိုင်ဘာကေဘယ် တည်ဆောက်ခြင်း ဆောင်ရွက်မည်ဆိုပါက ပူးတွဲပါ "ဖိုင်ဘာလမ်းကြောင်း တည်ဆောက်ခြင်း ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပူးတွဲတင်ပြရမည့် အချက်များ" နှင့်အညီ ဤဦးစီးဌာနသို့ ဦးစွာတင်ပြ၍ **"ခွင့်ပြုချက်ရရှိပြီးမှသာဆောင်ရွက်ကြရန်"** ဆက်သွယ်ရေးဥပဒေ ပုဒ်မ (၈၈) ၊ ပုဒ်မခွဲ (ခ) အရ ညွှန်ကြားလိုက်သည်။

ပူးတွဲပါ( ၄ )စောင်

၁၀/၈/၂၀၁၇

(စိုးသိန်း)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

-Myanma Posts and Telecommunications

-Telenor Myanmar Limited

-Ooredoo Myanmar Limited

-Myanmar National Tele & Communications Co., Ltd

-ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-(အထူး) နှင့် (သာမန်) လိုင်စင်ရကုမ္ပဏီများ

မိတ္တူ။

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

## Fiber (ဖိုင်ဘာ) လမ်းကြောင်း ချခင်းဆောင်ရွက်ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပူးတွဲတင်ပြရမည့်အချက်များ

Backbone ဖိုင်ဘာ

၁။ လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီ(သို့) Operator မှ ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လိပ်မူ၍ ကုမ္ပဏီအကြီးအကဲ(သို့မဟုတ်) အကြီးအကဲကိုယ်စား လက်မှတ်ရေးထိုးလျှောက်ထားရန်၊

၂။ (က) ဖိုင်ဘာလမ်းကြောင်း၏ Starting point & End point ( Latitude & Longitude ) ပါရှိသော လမ်းကြောင်း တစ်ခုလုံးပြ မြေပုံများအား Google Map ဖြင့်တင်ပြရန်၊

(ခ) လမ်းကြောင်း အပိုင်းတစ်ခုချင်းစီ ပါဝင်သော အကျဉ်းချုပ်ဇယား၊

| No | Starting Point | | End Point | | Duct Buried | Direct Buried | No of Core | Fiber Route Length (Km) |
|---|---|---|---|---|---|---|---|---|
| | Address | Lat, long | Address | Lat, long | | | | |
| 1 | | | | | | | | |
| 2 | | | | | | | | |

(ဂ) လမ်းကြောင်း တစ်ခုချင်းစီ၏ လမ်းကြောင်းပြ မြေပုံများအား Google Map ဖြင့်တင်ပြရန်၊

၃။ Technical & Survey Report Data (Over Head , Under Ground , Duct , Direct Buried , Numbers of Fiber Cores , Numbers of poles , etc....) တင်ပြရန်၊

၄။ Fiber Cable များမှ အခြားသုံးစွဲသူများသို့ မျှဝေငှားရမ်းသုံးစွဲခွင့်ပြုရန်နှင့် ငှားရမ်းခ ဈေးနှုန်းကိုလည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညှိနှိုင်းသတ်မှတ်ပေးမည့် ဈေးနှုန်း ဘောင်အတွင်းမှ ဆောင်ရွက်ရန်သဘောတူညီချက် တင်ပြရန်၊

Metro ဖိုင်ဘာ

၁။ လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီ(သို့) Operator မှ ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာနသို့ လိပ်မူ၍ ကုမ္ပဏီအကြီးအကဲ(သို့မဟုတ်) အကြီးအကဲကိုယ်စား လက်မှတ်ရေးထိုးလျှောက်ထားရန်၊

၂။ (က) ဖိုင်ဘာလမ်းကြောင်း၏ Starting point & End point ( Latitude & Longitude ) ပါရှိသော လမ်းကြောင်း တစ်ခုလုံးပြ မြေပုံများအား Google Map ဖြင့်တင်ပြရန်၊

(ခ) လမ်းကြောင်း အပိုင်းတစ်ခုချင်းစီ ပါဝင်သော အကျဉ်းချုပ်ဇယား၊

| No | Starting Point | | End Point | | Duct Buried | Direct Buried | No of Core | Fiber Route Length (Km) |
|---|---|---|---|---|---|---|---|---|
| | Address | Lat, long | Address | Lat, long | | | | |
| 1 | | | | | | | | |
| 2 | | | | | | | | |

(ဂ) လမ်းကြောင်း တစ်ခုချင်းစီ၏ လမ်းကြောင်းပြ မြေပုံများအား Google Map ဖြင့်တင်ပြရန်၊

၃။ Technical & Survey Report Data (Over Head , Under Ground , Duct , Direct Buried , Numbers of Fiber Cores , Numbers of poles , etc....) တင်ပြရန်၊

၄။ Fiber Cable များမှ အခြားသုံးစွဲသူများသို့ မျှဝေငှားရမ်းသုံးစွဲခွင့်ပြုရန်နှင့် ငှားရမ်းခ ဈေးနှုန်းကိုလည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညှိနှိုင်းသတ်မှတ်ပေးမည့် ဈေးနှုန်းဘောင်အတွင်းမှ ဆောင်ရွက်ရန်သဘောတူညီချက် တင်ပြရန်၊

၅။ Metro Fiber ချခင်းပါက သက်ဆိုင်ရာ Right of Way ပိုင်ဆိုင်သည့် အဖွဲ့အစည်း၊ ဌာန ဆိုင်ရာများ၏ ထောက်ခံခွင့်ပြုချက် တင်ပြရန်၊

၆။ NS လိုင်စင် နှင့် AS လိုင်စင်ရ ကုမ္ပဏီများသို့ Fiber ငှားရမ်းရ၍ Metro FTTH ဆောင်ရွက်ပေးမည်ဆိုပါက အဆိုပါ NS နှင့် AS လိုင်စင်ရ ကုမ္ပဏီများသို့ Fiber Core မည်မျှငှားရမ်းမည်၊ Km မည်မျှငှားရမ်းမည် နှင့် ၎င်းတို့နှင့် ချုပ်ဆိုထားသည့် Agreement များပူးတွဲတင်ပြပေးရန်၊

၇။ FTTH ဖိုင်ဘာ သွယ်တန်းမည်ဆိုပါက ဝန်ဆောင်မှုပေးမည့် မြို့နယ် တစ်ခုချင်းအလိုက် Detail Design Drawing များ ၊ Outside Plan များ၊ သွယ်တန်းမည့် Household အရေအတွက်များ တင်ပြရန်၊

<u>Cross Border ဖိုင်ဘာ</u>

၁။ လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီ(သို့) Operator မှ ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာနသို့ လိပ်မူ၍ ကုမ္ပဏီအကြီးအကဲ(သို့မဟုတ်) အကြီးအကဲကိုယ်စား လက်မှတ်ရေးထိုးလျှောက်ထားရန်၊

၂။ Fiber Starting point & End point (Joining point) ( Latitude & Longitude ) ပါရှိသော လမ်းကြောင်းအကွာအဝေး (Km) နှင့် လမ်းကြောင်းပြမြေပုံအား Google Map ဖြင့် တင်ပြရန်၊

၃။ Technical & Survey Report Data (Over Head , Under Ground , Duct , Direct Buried , Numbers of Fiber Cores , Numbers of post , etc....) တင်ပြရန်၊

၄။ Fiber Cable များမှ အခြားသုံးစွဲသူများသို့ မျှဝေငှားရမ်းသုံးစွဲခွင့်ပြုရန်နှင့် ငှားရမ်းခ ဈေးနှုန်းကိုလည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညှိနှိုင်းသတ်မှတ်ပေးမည့် ဈေးနှုန်းဘောင်အတွင်းမှ ဆောင်ရွက်ရန်သဘောတူညီချက် တင်ပြရန်၊

၅။ နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း တည်ဆောက်လိုပါက တဖက်နိုင်ငံ၏ Partner အမည်နှင့် ချုပ်ဆိုထားသည့် Agreement များပူးတွဲဖော်ပြရန်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅ ) တာဝါ /၆၉၁၄(က)
ရက်စွဲ ၊၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ ၂၂ ရက်

အကြောင်းအရာ။ **Green Energy (Solar Power ) သုံးစွဲနိုင်ရေးတိုက်တွန်းအကြောင်းကြားခြင်း**

ရည် ညွှန်း ချက် ။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၈-၃-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅၀၀-ဆည/ ခွဲ (၅) တာဝါ / ၁၃၆၄

၁။ မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် Nationwide Telecommunication Service လိုင်စင်ရဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များတည်ဆောက်ရန် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် တည်ဆောက်ပြီးတာဝါများ၌ ကွန်ယက်ဖြန့်ကျက်အသုံးပြုရန်အတွက် လျှပ်စစ်မာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မာတ်အားရယူအသုံးပြု၍ လည်းကောင်း၊ လျှပ်စစ်မာတ်အားမရရှိသေးသည့် ဒေသများတွင် မီးစက် (Generator) အသုံးပြု၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ မီးစက်အင်ဂျင်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအနှောင့်အယှက်မဖြစ်စေရန်နှင့် မီးစက်နှင့်ပတ်သက်၍ မလိုလားအပ်သော ကန့်ကွက်တိုင်ကြားမှုများ ထပ်မံမဖြစ်ပေါ်စေရေး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ( ၂၉-၁၂-၂၀၁၅ ) ရက်နေ့ ထုတ်ပြန်သည့် သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်နှင့်ပြည်သူလူထုအပေါ် ဆူဆူညံညံသက်ရောက်မှုသည် အမြင့်ဆုံးလက်ခံနိုင်သည့် ဆူညံအဆင့် ( Noise Level ) လမ်းညွှန်သတ်မှတ်ချက်ထက် မကျော်လွန်စေရေး ဆောင်ရွက်ထားရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန်၊ မီးစက်အင်ဂျင်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအား အနှောင့်အယှက်မဖြစ်စေရန်နှင့် မလိုလားအပ်သော ကန့်ကွက်တိုင်ကြားမှုများထပ်မံမဖြစ်ပေါ်စေရန်အတွက် Green Energy ဖြစ်သော Solar Power အား လျှပ်စစ်မာတ်အားမရရှိသေးသည့် ဒေသများရှိ တာဝါတိုင်များတွင် တတ်နိုင်သမျှ အစားထိုးသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန် တိုက်တွန်းအကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

- ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
- Chief Executive Officer, Ooredoo Myanmar Limited.
- Chief Executive Officer, Telenor Myanmar Limited.
- Chairman, Telecom International Myanmar Co.,Ltd
- Chief Executive Officer, KDDI Summit Global Myanmar Co.,Ltd
- Chief Executive Officer, Apollo Myanmar Towers Co.,Ltd
- Chief Executive Officer, Irrawaddy Green Tower Co.,Ltd
- Chief Executive Officer, Pan Asia Majestic Eagle Co.,Ltd
- Chief Executive Officer, edotco Co.,Ltd
- Managing Director, Eco Friendly Tower Co.,Ltd
- Chief Executive Officer, TPR Myanmar Ltd
- Chief Executive Officer, OCK Yangon Private Ltd
- Chief Executive Officer, Manaw Myay Greenland Co.,Ltd
- Chief Executive Officer, Amalgamated Telecom Management Co.,Ltd
- Chief Executive Officer, KBZ Gateway Co.,Ltd

မိတ္တူကို-

- ပြည်ထောင်စုဝန်ကြီးရုံး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှော်စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅ ) တာဝါ / ၀၀၅၅.
ရက်စွဲ ၊၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ ၃ ရက်

အကြောင်းအရာ။ **Sound Proof Generator သုံးစွဲရန်အကြောင်းကြားခြင်း**

ရည်ညွှန်း ချက် ။ (၁ ) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ( စ-၃ - ၂၀၁၇ ) ရက်စွဲပါစာအမှတ်၊ ၅၀၀-ဆည/ခွဲ (၅) တာဝါ / ၁၃၆၄

(၂) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ( ၂၂- ၁၂- ၂၀၁၇ ) ရက်စွဲပါစာအမှတ်၊ ၅၀၀-ဆည/ခွဲ (၅) တာဝါ / ၆၉၁၄(က)

၁။ မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် Nationwide Telecommunication Service လိုင်စင်ရဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များတည်ဆောက်၍ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် တည်ဆောက်ပြီးတာဝါများ၌ ကွန်ယက်ဖြန့်ကျက်အသုံးပြုရန်အတွက် လျှပ်စစ်မောတာ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မောတာ်အားရယူအသုံးပြု၍ လည်းကောင်း၊ လျှပ်စစ်မောတာ်အားမရရှိသေးသည့် ဒေသများတွင် မီးစက် (Generator) အသုံးပြု၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ မီးစက်အင်ဂျင်သံကြောင့်ပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက်မဖြစ်စေရန်နှင့်မီးစက်နှင့်ပတ်သက်၍ မလိုလားအပ်သောကန့်ကွက်တိုင်ကြားမှုများ ထပ်မံမဖြစ်ပေါ်စေရေးသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ (၂၉-၁၂-၂၀၁၅) ရက်နေ့ထုတ်ပြန်သည့် သတ်မှတ်ချက်အတိုင်းလိုက်နာဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်နှင့်ပြည်သူလူထုအပေါ်ဆူညံသံသက်ရောက်မှုသည်အမြင့်ဆုံးလက်ခံနိုင်သည့်ဆူညံမှုအဆင့်(Noise Level) လမ်းညွှန်သတ်မှတ်ချက်ထက်မကျော်လွန်စေရေးဆောင်ရွက်ထားရန်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရည်ညွှန်းချက် (၁) ပါစာဖြင့် အကြောင်းကြားခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန်၊ မီးစက်အင်ဂျင်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအား အနှောင့်အယှက်မဖြစ်စေရန်နှင့် မလိုလားအပ်သောကန့်ကွက်တိုင်ကြားမှုများ ထပ်မံမဖြစ်ပေါ်စေရန်အတွက် လျှပ်စစ်မောတာ်အားမရရှိသေးသည့် ဒေသများရှိတာဝါတိုင်များတွင် Green Energy ဖြစ်သော Solar Power အားတတ်နိုင်သမျှ အစားထိုးသုံးစွဲနိုင်ရေးဆောင်ရွက်သွားရန်လည်း ရည်ညွှန်းချက်(၂)ပါစာဖြင့် တိုက်တွန်းအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုထပ်မံ၍ Green Energy (Solar Power) အားမသုံးစွဲနိုင်သေးမီကာလအတွင်း မီးစက်သံဆူညံမှုအားကန့်ကွက်တိုင်ကြားမှုကြောင့် လိုင်းလွှင့်ထုတ်သုံးစွဲနေသော On-air တာဝါတိုင် (BTSစခန်း)များရပ်တန့်မှုမဖြစ်ပေါ်စေရေး မီးစက်ဖြင့်သုံးစွဲနေသောတာဝါတိုင်များတွင် သယံဇာတနှင့်ဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ဆူညံသံသတ်မှတ်ချက် အောက်ပါဇယားအတိုင်းရရှိနိုင်ရေး အသံလုံမီးစက် (Sound Proof Generator ) များတပ်ဆင်သုံးစွဲသွားရန် အကြောင်းကြားပါသည်။

| Receptor | One Hour LAeq (dBA)[a] | |
|---|---|---|
| | Daytime 07:00-22:00 (10:00-22:00 for Public holidays) | Nighttime 22:00-07:00 (22:00-10:00 for Public holidays) |
| Residential, institutional, educational | 55 | 45 |
| Industrial, commercial | 70 | 70 |

[a] Equivalent continuous sound level in decibels

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မြို့ဆွေးဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

- ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
- Chief Executive Officer, Ooredoo Myanmar Limited.
- Chief Executive Officer, Telenor Myanmar Limited.
- Chairman, Telecom International Myanmar Co.,Ltd
- Chief Executive Officer, KDDI Summit Global Myanmar Co.,Ltd
- Chief Executive Officer, Apollo Myanmar Towers Co.,Ltd
- Chief Executive Officer, Irrawaddy Green Tower Co.,Ltd
- Chief Executive Officer, Pan Asia Majestic Eagle Co.,Ltd
- Chief Executive Officer, edotco Co.,Ltd
- Managing Director, Eco Friendly Tower Co.,Ltd
- Chief Executive Officer, TPR Myanmar Ltd
- Chief Executive Officer, OCK Yangon Private Ltd
- Chief Executive Officer, Manaw Myay Greenland Co. Ltd

- Chief Executive Officer, Amalgamated Telecom Management Co.,Ltd
- Chief Executive Officer, KBZ Gateway Co.,Ltd

မိတ္တူကို-

- ပြည်ထောင်စုဝန်ကြီးရုံး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀-ဆည / ခွဲ(၅) တာဝါ / ၀၀၇၁
ရက်စွဲ ၊၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ ၂ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများမှ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ရန်ကိစ္စ**

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက် ဖြန့်ကျက်ပြီး အများပြည်သူ ဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ရန် အတွက် ဤဦးစီးဌာနမှ စိစစ်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ ထုတ်ပေးလျက် ရှိပါ သည်။

၂။ ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (သာမန်/အထူး) ရရှိထားသည့် ကုမ္ပဏီများက ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အဦများဖြစ်သည့် တာဝါတည် ဆောက်ခြင်း၊ ဖိုင်ဘာကေဘယ် ချခင်းဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနပိုင်မြေနေရာများတွင် တာဝါ/ဖိုင်ဘာလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဝန် ကြီးဌာနသို့လည်းကောင်း၊ ပုဂ္ဂလိက ပိုင်မြေနေရာများအတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသ ကြီးအစိုးရအဖွဲ့များသို့လည်းကောင်း ဤဦးစီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင် ရွက်ရာတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများ၊ ကန့်ကွက်တိုင်ကြားမှုများကို ဖြေရှင်းနိုင်ရေး သက်ဆိုင် ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရာတွင် လိုင်စင်ရကုမ္ပဏီများနှင့် အော်ပရေတာများ အနေဖြင့် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် ဤဦးစီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ထားမှသာလျှင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့် လွယ်ကူစွာ ညှိနှိုင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့်အော်ပရေတာများနှင့် လိုင်စင် ရကုမ္ပဏီများအနေဖြင့် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေ များနှင့် ညွှန်ကြားချက်များအား အလေးထားလိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားအပ်ပါ သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း:

ဦးဆောင်လွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

Chief Executive Officer ၊Telenor Myanmar Limited

Chief Executive Officer ၊Ooredoo Myanmar Limited

Chairman ၊ Telecom International Myanmar Co.,Ltd

ဆက်သွယ်ရေးကွန်ရက်အဆောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(အထူး)ရယူထားသော တာဝါကုမ္ပဏီများ

ဆက်သွယ်ရေးကွန်ရက်အဆောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(သာမန်)ရယူထားသော တာဝါကုမ္ပဏီများ

မိတ္တူကို

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ/မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅ ) တာဝါ /၃၆၅၂

ရက်စွဲ၊၂၀၁၈ခုနှစ်၊ မေလ ၃၁ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးတာဝါတိုင်များတွင် လျှပ်စစ်မောတ်အား ရယူသုံးစွဲရန်ကိစ္စ**

ရည် ညွှန်း ချက်။ (၁) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၈-၃-၂၀၁၇)ရက်စွဲပါစာ အမှတ်၅၀၀-ဆည်ခွဲ(၅)တာဝါ/ ၁၃၆၄

(၂) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၂၂-၁၂-၂၀၁၇)ရက်စွဲပါစာ အမှတ်၅၀၀-ဆည်ခွဲ(၅)တာဝါ/ ၆၉၁၄(က)

(၃) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၃-၁-၂၀၁၈)ရက်စွဲပါစာ အမှတ်၅၀၀-ဆည်ခွဲ(၅)တာဝါ/ ၀၀၅၅

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ တည်ဆောက်ပြီးတာဝါတိုင်များ၌ ကွန်ရက်ဖြန့်ကျက်နိုင်ရန်အတွက် အသုံးပြုသည့် မီးစက်အင်ဂျင်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကန့်ကွက်တိုင်ကြားမှုများ တဖြည်းဖြည်းများပြားလာသောကြောင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် (၂၃-၂-၂၀၁၇)ရက်နေ့၌ မီးစက်များ၏မှ ထုတ်လွှတ်သောအသံ(Generator Noise Level) နှင့်ပတ်သက်သည့် အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဆူညံသံဆိုင်ရာ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သည့်အပြင် ပတ်ဝန်းကျင် ပြည်သူလူထုအပေါ် ဆူညံသံသက်ရောက်မှုသည် အမြင့်ဆုံးလက်ခံနိုင်သည့် ဆူညံသံအဆင့်(Noise Level) လမ်းညွှန်သတ်မှတ်ချက်ထက် ကျော်လွန်မည်ဟု တိုင်းတာသိရှိလျှင် (သို့မဟုတ်) ကျော်လွန်မည်ကို ခန့်မှန်းနိုင်လျှင် ဆူညံသံအား တားဆီးကာကွယ်ခြင်းနှင့် လျှော့ချခြင်းပြုလုပ်ရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် ဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတည်ဆောက်သည့် လိုင်စင်ရကုမ္ပဏီများအား ဤဦးစီးဌာနက အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် လျှပ်စစ်မောတ်အားမရရှိသေးသည့် ဒေသများရှိ တာဝါတိုင်များတွင် Green Energy ဖြစ်သော Solor Power အား တတ်နိုင်သမျှ အစားထိုးသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန် ရည်ညွှန်းချက်(၂)ပါစာဖြင့်လည်းကောင်း၊ Solor Power မသုံးစွဲနိုင်သေးမီကာလအတွင်း မီးစက်သံဆူညံမှုအား ကန့်ကွက်တိုင်ကြားမှုကြောင့် လိုင်းလွှင့်ထုတ်သုံးစွဲနေသော On Air တာဝါတိုင် (BTS စခန်း)များ ရပ်တန့်မှု မဖြစ်ပေါ်စေရေးအတွက် မီးစက်ဖြင့် သုံးစွဲနေသော တာဝါတိုင်များတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ဆူညံသံ သတ်မှတ်ချက်အတိုင်း ရရှိနိုင်ရေး အသံလုံမီးစက်(Sound Proof Generator)များ တပ်ဆင်သုံးစွဲသွားရန် ရည်ညွှန်းချက်(၃)ပါစာဖြင့်လည်းကောင်း အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ရာတွင် လျှပ်စစ်ဓာတ်အားရရှိနေသည့် ဒေသများတွင် တာဝါတိုင်အတွက် မီးစက်ကိုသာ အသုံးပြုလျှက်ရှိပြီး လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှု မရှိခြင်းကြောင့် ပတ်ဝန်းကျင်နေ ပြည်သူလူထုအား အနှောက်အယှက်ပေးနေပါကြောင်း လွတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းထားမှုများ ရှိပါသဖြင့် ဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတည်ဆောက်သည့် လိုင်စင်ရကုမ္ပဏီများအနေဖြင့် လျှပ်စစ်ဓာတ်အား ရရှိနေပြီဖြစ်သည့် ဒေသများရှိ မိမိတို့၏တည်ဆောက်ပြီး တာဝါတိုင်များအားလုံးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း(National Grid)မှ လျှပ်စစ်ဓာတ်အား လျှောက်ထားရယူ၍ ဆောင်ရွက်သွားရန်၊ လျှပ်စစ်ဓာတ်အားပြတ်တောက်သည့်အချိန်တွင် Battery Backup ဖြင့် လည်ပတ်နိုင်ရေးဆောင်ရွက်ထားရှိရန်အကြောင်းကြားပါသည်။

၄။ လျှပ်စစ်မီးမရရှိနိုင်သေးသည့် ဒေသများတွင် မီးစက်အား မဖြစ်မနေအသုံးပြုရမည်ဆိုပါက မီးစက်သံနှင့်ပတ်သက်၍ ဌာနီဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထားရှိရန်နှင့် ဦးစီးဌာနမှ တာဝန်ရှိသူများ အခါအားလျော်စွာ မြေပြင်ကွင်းဆင်းစစ်ဆေးသည့်အခါ Noise Level လမ်းညွှန်သတ်မှတ်ချက်ထက် ကျော်လွန်ကြောင်း (သို့မဟုတ်) ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်းမရှိကြောင်း စစ်ဆေး တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း-

ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အမှုဆောင်အရာရှိချုပ်၊ Telenor Myanmar Limited

အမှုဆောင်အရာရှိချုပ်၊ Ooredoo Myanmar Limited

ဥက္ကဋ္ဌ၊ Telecom International Myanmar Co.,Limited (MyTel)

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး)ရရှိသူအားလုံး

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (သာမန်)ရရှိသူအားလုံး

မိတ္တူကို-

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀–ဆည/ခွဲ(၅)တာဝါ/၃၉၈၇
ရက်စွဲ၊၂၀၁၈ခုနှစ်၊ဇွန်လ ၁၂ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများရှိ ကိုယ်စားလှယ်များ၏ Contact Person Data များ ပေးပို့ရန်ကိစ္စ**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝှမ်း မိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက်လိုင်းများ ပိုမို ကောင်းမွန်စေရန်နှင့် ဆက်သွယ်ရေးကွန်ရက်များ လျှင်မြန်စွာဖြန့်ကျက်နိုင်ရန်အတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများမှ တင်ပြလျှောက်ထားလာသော တာဝါတည်ဆောက်ခြင်းလုပ်ငန်းများအား ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ ခွင့်ပြုပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိကပိုင် မြေနေရာများတွင် တာဝါတိုင်များအချိန်နှင့်တပြေးညီ တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့လည်းကောင်း၊ ဝန်ကြီးဌာနပိုင်မြေနေရာများတွင် တာဝါတည်ဆောက်နိုင်ရန် မြေနေရာငှားရမ်းခွင့်ရရှိနိုင်ရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှတဆင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအလိုင်စင်ရ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် တာဝါတိုင်များ တည်ဆောက်ရာ၌ ဆက်သွယ်ရေးဥပဒေ အခန်း ၁၃ ပုဒ်မ ၄၃ နှင့် ၄၇ တို့နှင့်အညီ စနစ်တကျ ဆောင်ရွက်ခြင်းရှိ၊မရှိအား စစ်ဆေးကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးနိုင်ရေးအတွက်လည်းကောင်း၊ဆက်သွယ်ရေးဥပဒေပုဒ်မ ၄၉ အရ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို စီမံခန့်ခွဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ တာဝါကုမ္ပဏီများသို့ ဆက်သွယ်၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ အော်ပရေတာများနှင့် တာဝါလုပ်ငန်းဆောင်ရွက်ခွင့်ရ ကုမ္ပဏီများအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိမိတို့ကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်စာရင်းအား ပူးတွဲပါဇယားတွင် ဖြည့်စွက်၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ Hard Copy / Soft Copy များဖြင့် (၁၃-၆-၂၀၁၈)

ရက်နေ့အရောက် မပျက်မကွက် ပေးပို့တင်ပြသွားရန် အကြောင်းကြားပါသည်။

ပူးတွဲပါ- ကိုယ်စားလှယ်စာရင်းနမူနာပုံစံ( ၁ )စောင်

ညွှန်ကြားရေးမှူးချုပ်( ကိုယ်စား )

( မြို့ဆွေ ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် )

ဖြန့်ဝေခြင်း:

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အမှုဆောင်အရာရှိချုပ် ၊ Telenor Myanmar Limited
အမှုဆောင်အရာရှိချုပ် ၊ Ooredoo Myanmar Limited
ဥက္ကဋ္ဌ ၊ Telecom International Myanmar Co.,Ltd ( Mytel)
အမှုဆောင်အရာရှိချုပ် ၊ Apollo Towers Myanmar Limited
အမှုဆောင်အရာရှိချုပ် ၊ edotco Myanmar Limited
အမှုဆောင်အရာရှိချုပ် ၊ Irrawaddy Green Towers Limited
အမှုဆောင်အရာရှိချုပ် ၊ Pan Asia Majestic Eagle Limited
Managing Director ၊ Eco Friendly Tower Company Limited
အမှုဆောင်အရာရှိချုပ် ၊ TPR Myanmar Limited
အမှုဆောင်အရာရှိချုပ် ၊ OCK Yangon Private Limited
အမှုဆောင်အရာရှိချုပ် ၊ Amalgamated Telecom Management (ATM) Company Limited
အမှုဆောင်အရာရှိချုပ် ၊ KBZ Gate Way Company Limited
အမှုဆောင်အရာရှိချုပ် ၊ MTGDC Company Limited
အမှုဆောင်အရာရှိချုပ် ၊ Myanmar National Telecom Infra (MNTI) Company Limited
အမှုဆောင်အရာရှိချုပ် ၊ National Tower Development (NTD)
အမှုဆောင်အရာရှိချုပ် ၊ Tiger Infrastructure Myanmar (TIM) Company Limited
အမှုဆောင်အရာရှိချုပ် ၊ Manaw Myay Greenland Company Limited
အမှုဆောင်အရာရှိချုပ် ၊ Clear Mind Company Limited
မိတ္တူ -

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ / မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည / ခွဲ (၅) ဖိုင်ဘာ / ၄၅၀၇
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန် လ ၂၇ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေးကိစ္စ**

ရည်ညွှန်း ချက် ။ ၉-၅-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ တည်ဆောက်ရန် မြေယာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် အမှတ်စဉ်(၁၀)

ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ အော်ပရေတာများနှင့် ကုမ္ပဏီများမှ မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေး Infrastructure ဖြစ်သည့် ဖိုင်ဘာကေဘယ် ချခင်းခြင်း၊ သွယ်တန်းခြင်းနှင့် တာဝါတိုင်များတည်ဆောက်ခြင်းတို့ ဆောင်ရွက်ကြရာတွင် မလိုလားအပ်သည့် ပြဿနာများ၊ တိုင်ကြားခြင်းများ ဖြစ်ပေါ်နေပါသဖြင့် မိမိတို့ကိုယ်တိုင် ဆောင်ရွက်သည်ဖြစ်စေ၊ တဆင့်ခံ Sub-Contractor များဖြင့် ဆောင်ရွက်သည်ဖြစ်စေ ထုတ်ပြန်ထားရှိပြီးဖြစ်သည့် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လိုက်နာ၍ လုပ်ငန်းများအား စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက ခွင့်ပြုချက်ရယူထားသည့် သက်ဆိုင်ရာ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ အော်ပရေတာများနှင့် ကုမ္ပဏီများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

(စိုးသိန်း)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

- Telenor Myanmar Limited
- Ooredoo Myanmar Limited
- Telecom International Myanmar Co.,Ltd(MyTel)
- ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-(အထူး)နှင့် (သာမန်)လိုင်စင်ရ ကုမ္ပဏီများအား၊လုံး

မိတ္တူ။

- ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂)၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅ ) တာဝါ /(၂၅၁၇၈၅)

ရက်စွဲ၊၂၀၁၈ခုနှစ်၊ ဇွန်လ ၂၉ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးအခြေခံ အဆောက်အဦများဖြစ်သည့် တာဝါတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝါတိုင်များ မျဉ်ဝေသုံးစွဲသွားရန် ကိစ္စ**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝှမ်း မိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက်လိုင်းများ ပိုမိုကောင်းမွန်စေရန်နှင့် ဆက်သွယ်ရေးကွန်ရက်များ လျှင်မြန်စွာဖြန့်ကျက်နိုင်ရန်အတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရကုမ္ပဏီများမှ တင်ပြလျှောက်ထားလာသော တာဝါတည်ဆောက်ခြင်းလုပ်ငန်းများအား ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ ခွင့်ပြုပေးလျှက်ရှိသည့်အပြင် ပုဂ္ဂလိကပိုင် မြေနေရာများတွင် တာဝါတိုင်များ အချိန်နှင့်တပြေးညီ တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့လည်းကောင်း၊ဝန်ကြီးဌာနပိုင်မြေနေရာများတွင် တာဝါတည်ဆောက်နိုင်ရန် မြေနေရာငှားရမ်းခွင့်ရရှိရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှတဆင့် ညှိနှိုင်းဆောင်ရွက်ပေးလျှက်ရှိပြီး စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။

၂။ သို့ရာတွင် ဝန်ကြီးဌာနပိုင်မြေနေရာများတွင် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ရန်အတွက် မြေနေရာရရှိရန် ခက်ခဲခြင်း ၊ ပုဂ္ဂလိကပိုင်မြေနေရာများတွင် တည်ဆောက်ပါကကန့်ကွက်တိုင်ကြားမှုများပြားခြင်း ၊ ကျေးရွာများတွင် မြေပိုင်ဆိုင်မှုအထောက်အထားများ ရရှိရန် ခက်ခဲခြင်း၊ လယ်ယာမြေများတွင် တည်ဆောက်မည်ဆိုပါက လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့်ရရှိနိုင်ရန် ကြန့်ကြာမှုရှိခြင်းစသည့် အခက်အခဲများ ဖြစ်ပေါ်လျှက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ မလိုအပ်ဘဲ တာဝါတိုင်များ ထပ်မံတည်ဆောက်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် မြင်ကွင်းအား ထိခိုက်မှုမရှိစေရန်၊ မလိုအပ်ဘဲ ငွေကြေးကုန်ကျမှု မရှိစေရန်နှင့် ပြည်သူများအား အသက်သာဆုံးနှုန်းထားဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် တာဝါတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင် (အထူး/ သာမန်)ရရှိထားသည့် ကုမ္ပဏီများအနေဖြင့် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကျက်ရန်အတွက် တာဝါတိုင်များ ထပ်မံတည်ဆောက်မည့်အစား ဖြစ်နိုင်သရွေ့၊ တည်ဆောက်ပြီး တာဝါတိုင်များတွင် မျဉ်ဝေသုံးစွဲသွားရန် လိုအပ်လာပါသည်။

၄။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး/သာမန်)ရရှိထားသည့် ကုမ္ပဏီများအနေဖြင့် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကျက်ရန် အတွက် တာဝါတိုင်များ အသစ်ထပ်မံတည်ဆောက်ရန် လိုအပ်သည့်အခါ တည်ဆောက်မည့်နေရာ အနီးဝန်းကျင်တွင် တာဝါတိုင်ရှိပြီးသားဖြစ်ပါက အဆိုပါတာဝါတိုင်တွင် တာဝါမျှဝေသုံးစွဲရေး (Sharing) ဦးစားပေးဆောင်ရွက်ရန် အကြောင်းကြားပါသည်။

(စိုးသိန်း)
ညွှန်ကြားရေးမှူးချုပ်

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အမှုဆောင်အရာရှိချုပ်၊ Telenor Myanmar Limited

အမှုဆောင်အရာရှိချုပ်၊ Ooredoo Myanmar Limited

ဥက္ကဋ္ဌ၊ Telecom International Myanmar Company Limited (Mytel)

ဆက်သွယ်ရေးကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(အထူး)ရရှိသူများအားလုံး

ဆက်သွယ်ရေးကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(သာမန်)ရရှိသူများအားလုံး

မိတ္တူ -

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀- ဆည / ခွဲ(၅) ဖိုင်ဘာ / ၄၆၄၇
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇူလိုင်လ ၅ ရက်

အကြောင်းအရာ။ ဆက်သွယ်ရေးအခြေခံ အဆောက်အဦများ တည်ဆောက်ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရန်ကိစ္စ

ရည်ညွှန်းချက် ။ ဤဦးစီးဌာန၏ (၁၀-၈-၂၀၁၈ရ) ရက်စွဲပါ စာအမှတ်၊ ၅၀၀- ဆည / ခွဲ (၅) ဖိုင်ဘာ / ၄၁၇၆

၁။ အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးအော်ပရေတာများအပါအဝင်၊ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရရှိသူများအား လုံးသည် ဆက်သွယ်ရေးအခြေခံအဆောက်အဦများဖြစ်သော ဖိုင်ဘာကေဘယ်လ်များ ချခင်းတည်ဆောက်ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ကြရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် တာဝါတိုင်များတည်ဆောက်ခြင်း၊ ဖိုင်ဘာကေဘယ်များသွယ်တန်းချခင်း တည်ဆောက်ခြင်း စသည့်အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းများအတွက် Right of Way ခွင့်ပြုချက်များတောင်းခံရာ၌ ဤဦးစီးဌာနနှင့် ဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်များရယူခြင်း မရှိဘဲ သီးခြားစီလျှောက်ထားမှုများ ဆောင်ရွက်နေကြသဖြင့် Right of Way စီမံခန့်ခွဲသူများအနေဖြင့် ခွင့်ပြုချက်များချထားပေးရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ အဆိုပါ အခက်အခဲများ လျော့နည်းသက်သာစေရန်အတွက် ဤဦးစီးဌာနအနေဖြင့် ခွင့်ပြုချက် တောင်းခံမှုများအား စိစစ်၍ မလိုအပ်ဘဲ ကုန်ကျမှုမဖြစ်ပေါ်စေရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့ကျစေနိုင်ရေးတို့အတွက် မျှဝေသုံးစွဲခြင်း ဆောင်ရွက်နိုင်စေရေး တွန်းအားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် အခြေခံအဆောက်အဦ တည်ဆောက်ခြင်းများနှင့် စပ်လျဉ်း၍ဦးစီးဌာနအနေဖြင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေအပိုဒ် ၂၈ နှင့် ၂၉ တို့နှင့်အညီ ပြည်ထောင်စုဝန်ကြီးရုံးမှတဆင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ညှိနှိုင်း သဘောထားမှတ်ချက်များ တောင်းခံ၍ Right of Way အသုံးပြုမှုများအား ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေး အော်ပရေတာများ အပါအဝင်၊ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်း လိုင်စင်ရရှိသူများအနေဖြင့် ဆက်သွယ်ရေးအခြေခံ အဆောက်အဦ (တာဝါ / ဖိုင်ဘာ) တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ဤဦးစီးဌာန၏ခွင့်ပြုချက် ရယူဆောင်ရွက်သွားရန် အကြောင်းကြား ပါသည်။

5/7/2018

(စိုးသိန်း)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

- ✓ - ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
- ✓ - အမှုဆောင်အရာရှိချုပ်၊ အော်ရီဒူးမြန်မာကုမ္ပဏီလီမိတက်
- ✓ - အမှုဆောင်အရာရှိချုပ်၊ တယ်လီနောမြန်မာကုမ္ပဏီလီမိတက်
- ✓ - အမှုဆောင်အရာရှိချုပ်၊ တယ်လီကွန်းအင်တာနေရှင်နယ်မြန်မာကုမ္ပဏီလီမိတက်
- ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး) ရရှိသူများအားလုံး
  ( ----------)
- ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (သာမန်) ရရှိသူများအားလုံး
  ( ----------)

မိတ္တူ

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်)
- ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများအားလုံး (သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်)
- √ - ရုံးလက်ခံ / မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅ ) တာဝါ / ၅၂၉၉၉

ရက်စွဲ၊၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်

အကြောင်းအရာ။ **လုပ်ငန်းများဆောင်ရွက်ရာတွင် တူညီဝတ်စုံ ဝတ်ဆင်၍ ဆောင်ရွက်ရန်ကိစ္စ**

၁။ အကြောင်အရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝှမ်း ဆက်သွယ်ရေးကွန်ရက် ကောင်းမွန်စေရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရ ကုမ္ပဏီများသည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တာဝါ တည်ဆောက်ခြင်း၊ ဖိုင်ဘာ ကေဘယ် ချခင်းခြင်းနှင့် အင်တာနက် ကွန်ရက်ချိတ်ဆက်ခြင်း ကဲ့သို့သော ဆက်သွယ်ရေးအခြေခံ အဆောက်အဦ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

၂။ ထို့သို့ အခြေခံအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ကန့်ကွက်တိုင်ကြားမှုများကဲ့သို့ မလိုလားအပ်သော ကိစ္စရပ်များ မဖြစ်ပေါ်စေရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများအား အလွယ်တကူ ခွဲခြားသိရှိနိုင်စေရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးအော်ပရေတာများအပါအဝင် တာဝါတည်ဆောက်ခြင်း၊ ဖိုင်ဘာကေဘယ်ချခင်းခြင်း နှင့် အင်တာနက်ကွန်ရက် ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများအနေဖြင့် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မည်သည့်ကုမ္ပဏီမှ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း လွယ်ကူစွာ ခွဲခြား သိရှိနိုင်စေရေးအတွက် ကုမ္ပဏီ၏ အမှတ်တံဆိပ်ပါရှိသော တူညီဝတ်စုံ (uniform)များ ဝတ်ဆင်ဆောင်ရွက်သွားရန်နှင့် မိမိတို့မှတဆင့် Subcontract ပေး၍ ဆောင်ရွက်နေသော ကုမ္ပဏီများကိုလည်း အလားတူ တူညီဝတ်စုံ ဝတ်ဆင်ရေး ကြီးကြပ် ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

**ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အမှုဆောင်အရာရှိချုပ်၊ Telenor Myanmar Limited**

အမှုဆောင်အရာရှိချုပ်၊ Ooredoo Myanmar Limited

ဥက္ကဋ္ဌ၊ Telecom International Myanmar Company Limited (Mytel)

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများအားလုံး( NFS (I), NFS (C), NS, AS)

မိတ္တူ။

ပြည်ထောင်စုဝန်ကြီးရုံး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ရုံးလက်ခံ

မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀- ဆည / ခွဲ(၅ ) တာဝါ /(၆၀၅၄(က))
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လ ၃၀ ရက်

အကြောင်းအရာ။ **တာဝါတိုင်ကြိုခိုင်မှုအား ပုံမှန်စစ်ဆေးဆောင်ရွက်ရန်အကြောင်းကြားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝှမ်း ဆက်သွယ်ရေးကွန်ရက်ကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများသည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တာဝါတိုင်တည်ဆောက်ခြင်း၊ ဖိုင်ဘာကေဘယ်လ်များချခင်းခြင်း အစရှိသဖြင့် ဆက်သွယ်ရေးအခြေခံ အဆောက်အဦများ တည်ဆောက်ဆောင်ရွက်လျက်ရှိကြပါသည်။

၂။ တည်ဆောက်ပြီးသော ဆက်သွယ်ရေးတာဝါတိုင်များ ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုမရှိစေရန် သော်လည်းကောင်း၊ ပြိုလဲပျက်စီးမှုကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုမရှိစေရန်သော်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက် ပြတ်တောက်မှုမရှိစေရန်သော်လည်းကောင်း၊ အခြေခံအဆောက်အဦများအား သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန်သော်လည်းကောင်း၊ ဘဏ္ဍာငွေ မလိုအပ်ဘဲ ထပ်မံကုန်ကျမှုမရှိစေရန် သော်လည်းကောင်း အောက်ပါအတိုင်း ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်သွားရန်နှင့် လုပ်ငန်း ဆောင်ရွက်မှုများအား မှတ်တမ်းစာအုပ်(Log Book)ဖြင့် စနစ်တကျ ထားရှိဆောင်ရွက်ရန် အကြောင်းကြားပါသည်။

**(က) (၆)လတစ်ကြိမ်(သို့မဟုတ်) သဘာဝဘေးအန္တရာယ် ဖြစ်ပြီးနောက်ပိုင်း ဆောင်ရွက်ရမည့် စစ်ဆေးရမည့်အချက်များ**

(၁)တာဝါကိုယ်ထည် (Main Structure)
(၂)တာဝါတည့်မတ်မှု (Verticality)
(၃)တာဝါဖောင်ဒေးရှင်း(Tower Base Foundation)
(၄)ကြိုးဆိုင်းတာဝါများ၏ နန်းကြိုးများ (Guy Wires)
(၅)တာဝါသံချေးတက်ခြင်းမှကာကွယ်ရန် သုတ်ထားသည့် ဆေးအခြေအနေ
(Anti Corrosion Protection, Galvanization, Coating)
(၆)ပင်လယ်ကမ်းခြေဒေသတွင် ဆားငံရည်ကြောင့် ထိခိုက်မှု(Salty Environment)
(၇)တာဝါခြံစည်းရိုး(Tower Fencing)

**(ခ) တစ်နှစ်တစ်ကြိမ်ဆောင်ရွက်ရမည့်စစ်ဆေးရမည့်အချက်များ**

(၁)မူလီနှင့် မူလီခေါင်းများ (Bolts and Nuts)
(၂)ဘေးကင်းလုံခြုံမှုအတွက်အသုံးပြုသည့်ကိရိယာများ(ဥပမာ-တာဝါလှေခါး)
(၃)တာဝါအချက်ပြမီး(Aviation Safety Lights)
(၄)Tower Loading
(၅)တာဝါတိုင်၏ မြေစိုက်ခုခံမှုစနစ်(Grounding System)ကောင်းမွန်မှု
(၆)Tower Coating
(၇)Guyed Tower များ၏ ဆိုင်းကြိုးများ

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ခြင်း-
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အမှုဆောင်အရာရှိချုပ်၊ Telenor Myanmar Limited
အမှုဆောင်အရာရှိချုပ်၊ Ooredoo Myanmar Limited
ဥက္ကဋ္ဌ၊ Telecom International Myanmar Company Limited(Mytel)
ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများအားလုံး(NFS(I), NFS(C))

ို -
- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ/ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅ ) တာဝါ /၆၉၂၆
ရက်စွဲ၊၂၀၁၈ခုနှစ်၊စက်တင်ဘာလ ၂၀ ရက်

အကြောင်းအရာ။ **အမှုဆောင်အရာရှိချုပ် (သို့မဟုတ်) အမှုဆောင်အရာရှိချုပ်(ကိုယ်စား) ဖြင့် တင်ပြပေးရန်ကိစ္စ**

ဆက်သွယ်ရေးအခြေခံ အဆောက်အဦများဖြစ်သည့် တာဝါတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် ဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါကုမ္ပဏီများအနေဖြင့် တာဝါတိုင်တည်ဆောက်ခွင့် ရရှိရန်အတွက် ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ကဲ့သို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပါရန် တင်ပြခြင်း၊ တာဝါတိုင်ဒီဇိုင်းခွင့်ပြုချက်တင်ပြခြင်း၊ ကန့်ကွက်တိုင်ကြားမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ လစဉ် တာဝါUpdate စာရင်းများ ပေးပို့တင်ပြခြင်း စသည့် မည်သည့်ကိစ္စရပ်အတွက်မဆို ဤဦးစီးဌာနသို့ တင်ပြရာတွင် အမှုဆောင်အရာရှိချုပ်ကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့မအားလပ်ပါက အမှုဆောင်အရာရှိချုပ်ကိုယ်စားဖြင့် လက်မှတ်ရေးထိုး တင်ပြသွားရန်နှင့် အမှုဆောင်အရာရှိချုပ်ကိုယ်စား လက်မှတ်ရေးထိုးခွင့်ရှိသူ၏အမည်စာရင်းကိုလည်း ပေးပို့တင်ပြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အမှုဆောင်အရာရှိချုပ် ၊ Telenor Myanmar Limited
အမှုဆောင်အရာရှိချုပ် ၊ Ooredoo Myanmar Limited
ဥက္ကဋ္ဌ ၊ Telecom International Myanmar Co.,Ltd ( Mytel)
အမှုဆောင်အရာရှိချုပ် ၊ Apollo Towers Myanmar Limited
အမှုဆောင်အရာရှိချုပ် ၊ edotco Myanmar Limited
အမှုဆောင်အရာရှိချုပ် ၊ Irrawaddy Green Towers Limited
အမှုဆောင်အရာရှိချုပ် ၊ Pan Asia Majestic Eagle Limited

Managing Director ၊ Eco Friendly Tower Company Limited
အမှုဆောင်အရာရှိချုပ် ၊TPR Myanmar Limited
အမှုဆောင်အရာရှိချုပ် ၊ OCK Yangon Private Limited
အမှုဆောင်အရာရှိချုပ် ၊ Amalgamated Telecom Management Co.,Ltd(ATM)
အမှုဆောင်အရာရှိချုပ် ၊ KBZ Towers Company Limited
အမှုဆောင်အရာရှိချုပ် ၊ Manaw Myay Greenland Company Limited
အမှုဆောင်အရာရှိချုပ် ၊ MTGDC Company Limited
အမှုဆောင်အရာရှိချုပ် ၊ Myanmar National Telecom Infra Company Limited (MNTI)
အမှုဆောင်အရာရှိချုပ် ၊ National Tower Development Company Limited (NTD)
အမှုဆောင်အရာရှိချုပ် ၊ Tiger Infrastructure Myanmar Company Limited(TIM)
အမှုဆောင်အရာရှိချုပ် ၊Zenith Power Company Limited
အမှုဆောင်အရာရှိချုပ် ၊ Clear Mind Company Limited

မိတ္တူကို-

- ပြည်ထောင်စုဝန်ကြီးရုံး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀- ဆည / ခွဲ(၅) တာဝါ / ၇၃၇၉
ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးတာဝါတိုင်များတွင် အချက်ပြမီး ( Obstruction Light ) တပ်ဆင်ရန်ကိစ္စ**

ရည်ညွှန်းချက် ။ (၁) ဤဦးစီးဌာန၏ ၂ - ၆- ၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၅၀၀- ဆည / ခွဲ (၅) တာဝါ / ၃၄၀၈

(၂) ဤဦးစီးဌာန၏ ၃- ၃- ၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၅၀၀- ဆည / ခွဲ (၅) တာဝါ / ၁၂၇၀

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ လေကြောင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် တည်ဆောက်ပြီးနှင့် ထပ်မံတည်ဆောက်မည့် တာဝါတိုင်များတွင် တာဝါအချက်ပြမီး(Obstruction Light ) များ တပ်ဆင်ထွန်းညှိသွားကြရန်၊ အချက်ပြမီး မလင်းသည့် တာဝါတိုင်များအား စစ်ဆေးပြုပြင် ဆောင်ရွက်သွားရန်နှင့် တာဝါတိုင်များတွင် Obstruction Light များတပ်ဆင်ရာ၌ International Civil Aviation Organization ( ICAO )နှင့် မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာ ( DCA )မှ ထုတ်ပြန်ထားသော ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန်၊ လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရည်ညွှန်းချက်(၁)နှင့်(၂)ပါစာများဖြင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရရှိထားသော ကုမ္ပဏီများအား ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားထားပြီးဖြစ်ပါသည်။

၂။ လေကြောင်းအန္တရာယ်ကင်းရှင်းစေရေး၊ ပတ်ဝန်းကျင်အန္တရာယ်ရှင်းစေရန်နှင့် ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိနေမှုကို ညာဘက်ပိုင်းနှင့် မြင်ကွင်းမကောင်းသော အချိန်များတွင် ကောင်းမွန်စွာမြင်တွေ့သိရှိစေနိုင်ရန်အတွက် လိုင်စင်ရ ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ဆက်သွယ်ရေး တာဝါတိုင်များတွင် အချက်ပြမီး( Obstruction Light)များ တပ်ဆင်ထားရှိရန်နှင့် အဆိုပါ တပ်ဆင်ပြီး အချက်ပြမီးများ ကောင်းမွန်ခြင်း ရှိ / မရှိကိုလည်း ပုံမှန်စစ်ဆေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ ထို့အပြင် အချက်ပြမီး( Obstruction Light)တပ်ဆင်ရန်နှင့်ပတ်သက်၍ ဤဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိသည်ကို စစ်ဆေးကေရိုရိုကောက်လာသည်ကောင်း ၊ အချက်ပြမီး တပ်ဆင်ကားမှ မရှိခြင်း သို့မဟုတ် အချက်ပြမီး ခို့ယောင်းမှ

တစ်ခုခုကြောင့်သော်လည်းကောင်း လေကြောင်းဆိုင်ရာ အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံ သတိပေး အကြောင်းကြားပါသည်။

ပူးတွဲပါ ( ၄ )ရွက်

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
( မျိုးဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

ဆက်သွယ်ရေးအော်ပရေတာများအား(လုံး)
ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(အထူး)ရရှိသူအား(လုံး)
ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(သာမန်)ရရှိသူအား(လုံး)

မိတ္တူ -

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅) တာဝါ / ၈၀၄၅
ရက်စွဲ၊၂၀၁၉ခုနှစ်၊အောက်တိုဘာလ ၁၅ ရက်

အကြောင်းအရာ။ သက်ဆိုင်ရာ ခွင့်ပြုချက်များရယူမှုမရှိဘဲ တည်ဆောက်ခဲ့သည့်တာဝါတိုင်များအား ဖြုတ်သိမ်းသွားမည်ဖြစ်ကြောင်း အကြောင်းကြားခြင်း

ရည်ညွှန်းချက်။ (၇-၈-၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဆက်သွယ်ရေးလုပ်ငန်းများအတွက်လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် မြေယာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ (၇-၈-၂၀၁၉)ရက်နေ့၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၂) တွင်ကျင်းပပြုလုပ်ခဲ့သည့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေး ကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၉)တွင် "**တာဝါတိုင်တည်ဆောက်စဉ်က ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားထားသည့် ညွှန်ကြားချက်များအတိုင်း သက်ဆိုင်ရာများ၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တည်ဆောက်ထားပြီး ကန့်ကွက်တိုင်ကြားမှုများ ဖြစ်ပေါ်လာမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တင်ပြလာသော တာဝါတိုင်များအား ဖျက်သိမ်းမည်ဖြစ်ကြောင်း အော်ပရေတာများနှင့် လိုင်စင်ရတာဝါကုမ္ပဏီများသို့ အကြောင်းကြားရန်**" ဟုညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါသည်။

၂။ သို့ဖြစ်ပါ၍ လိုင်စင်ရ ဆက်သွယ်ရေးအော်ပရေတာများနှင့် ကုမ္ပဏီများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆက်သွယ်ရေးတာဝါတိုင်များ စတင်တည်ဆောက်ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်ဖြစ်သည့် တာဝါ Guideline တွင်ပါဝင်သော စည်းမျဉ်းစည်းကမ်းများအတိုင်း သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်များကို ပြည့်စုံစွာရယူပြီးမှသာ ဆောင်ရွက်ရန်နှင့် ထိုကဲ့သို့ လိုအပ်သောခွင့်ပြုချက်များ ရယူခဲ့ခြင်းမရှိဘဲ တည်ဆောက်ခဲ့သော တာဝါတိုင်များသည် ကန့်ကွက်တိုင်ကြားမှုများဖြစ်ပေါ်လာ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ တင်ပြလာပါက အဆိုပါ တာဝါတိုင်များအား ဖြုတ်သိမ်းရန် ညွှန်ကြားသွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(စိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဦးဆောင်လွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အမှုဆောင်အရာရှိချုပ်၊ Telenor Myanmar Limited
အမှုဆောင်အရာရှိချုပ်၊ Ooredoo Myanmar Limited
Chairman၊ Telecom International Myanmar Co.,Ltd
အမှုဆောင်အရာရှိချုပ်၊ Irrawaddy Green Towers Limited
အမှုဆောင်အရာရှိချုပ်၊ Apollo Towers Myanmar Limited
အမှုဆောင်အရာရှိချုပ်၊ Pan Asia Majestic Eagle Co.,Ltd
အမှုဆောင်အရာရှိချုပ်၊ Edotco Myanmar Limited
အမှုဆောင်အရာရှိချုပ်၊ TPR Myanmar Company Limited
အမှုဆောင်အရာရှိချုပ်၊ Eco Friendly Tower Company Limited
အမှုဆောင်အရာရှိချုပ်၊ OCK Yangon Private Limited
အမှုဆောင်အရာရှိချုပ်၊ KBZ Gateway Tower Co.,Ltd

မိတ္တူကို-
- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅) တာဝါ /၉၀၄၄
ရက်စွဲ၊၂၀၁၉ခုနှစ်၊အောက်တိုဘာလ ၂၄ ရက်

အကြောင်းအရာ။ ဆက်သွယ်ရေးတာဝါတိုင်၏ Specification များဖော်ပြရန်ကိစ္စ

ရည်ညွှန်းချက်။ (၇-၈-၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဆက်သွယ်ရေးလုပ်ငန်းများအတွက်လိုအပ်သည့် အခြေခံအဆောက်အုံများ တည်ဆောက်ရန် မြေယာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ (၇-၈-၂၀၁၉)ရက်နေ့၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၂) တွင်ကျင်းပပြုလုပ်ခဲ့သည့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေး ကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၁၁)တွင် **"တည်ဆောက်ပြီးစီးသော တာဝါတိုင်များတွင် ၎င်းတာဝါတိုင်နှင့်ပတ်သက်၍ သိရှိရမည့် အချက်အလက်၊ Specification များအား တာဝါတိုင်တည်ရှိရာနေရာတွင် ဖော်ပြထားရေး အကြောင်းကြားရန်"** ဟုညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါသည်။

၂။ သို့ဖြစ်ပါ၍ လိုင်စင်ရ တာဝါကုမ္ပဏီများအနေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် တာဝါတိုင်များတည်ရှိရာနေရာတွင် အဆိုပါ တာဝါတိုင်နှင့်ပတ်သက်သည့် သိရှိရမည့်အချက်များဖြစ်သည့် တာဝါတိုင်ပိုင်ဆိုင်သည့် ကုမ္ပဏီ၏အမည်၊ တာဝါတိုင်ကို ငှားရမ်းသုံးစွဲထားသည့် Operator များ၏အမည်၊ တာဝါတိုင်၏အမြင့်နှင့် လေတိုက်နှုန်းခံနိုင်ရည်၊ စတင်ဝန်ဆောင်မှုပေးသည့်နေ့ (On Air Date)၊ တာဝါတိုင်လည်ပတ်ရန် အသုံးပြုထားသည့် မီးစက်အင်ဂျင်၏ပါဝါ (Watt/ KVA) အစရှိသည်တို့အား သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းစစ်ဆေးရာတွင် လည်းကောင်း၊ အများပြည်သူသိရှိနိုင်ရေးအတွက်လည်းကောင်း အလွယ်တကူ မြင်တွေ့နိုင်သောနေရာတွင် ဖော်ပြနိုင်ရေးဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(စိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အမှုဆောင်အရာရှိချုပ်၊ Telenor Myanmar Limited
အမှုဆောင်အရာရှိချုပ်၊ Ooredoo Myanmar Limited
Chairman၊ Telecom International Myanmar Co.,Ltd

အမှုဆောင်အရာရှိချုပ်၊ Irrawaddy Green Towers Limited
အမှုဆောင်အရာရှိချုပ်၊ Apollo Towers Myanmar Limited
အမှုဆောင်အရာရှိချုပ်၊ Pan Asia Majestic Eagle Co.,Ltd
အမှုဆောင်အရာရှိချုပ်၊ Edotco Myanmar Limited
အမှုဆောင်အရာရှိချုပ်၊ TPR Myanmar Company Limited
အမှုဆောင်အရာရှိချုပ်၊ Eco Friendly Tower Company Limited
အမှုဆောင်အရာရှိချုပ်၊ OCK Yangon Private Limited
အမှုဆောင်အရာရှိချုပ်၊ KBZ Gateway Tower Co.,Ltd
မိတ္တူကို-

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည/ခွဲ(၅)တာဝါ/၃၂၅၈

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂ ၉ရက်

အကြောင်းအရာ။ **Build Permit တင်ပြ / ရရှိထားခြင်း မရှိသည့်တာဝါတိုင်များအား ကန့်ကွက်တိုင်ကြားမှုရှိလာပါက ဖြုတ်သိမ်းရပ်ဆိုင်းသွားစေမည်ဖြစ်ကြောင်း နှင့် အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ ဤဦးစီးဌာန၏ (၅-၇-၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅)ဖိုင်ဘာ/ ၄၆၄၇

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးအော်ပရေတာများ နှင့် တာဝါလုပ်ငန်းဆောင်ရွက်နေကြသည့် လိုင်စင်ရရှိသူများအနေဖြင့် လစဉ် Tower Update စာရင်းများပေးပို့လျက်ရှိသည်ကို လက်ခံရရှိပါသည်။ သို့ရာတွင် Tower Update စာရင်းပေးပို့ခြင်းသည် တာဝါတိုင်တည်ဆောက်ခွင့်အတွက်တင်ပြခြင်းမဟုတ်ဘဲ မိမိတို့၏ တည်ဆောက်ရန်၊ တည်ဆောက်ဆဲ၊ တည်ဆောက်ပြီးတာဝါစာရင်းများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် စာရင်းကိုက်ညီရန်အတွက်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ရည်ညွှန်းချက်ပါစာအရ တာဝါတိုင်တည်ဆောက်ခွင့်အတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဦးစွာတင်ပြရမည်ဖြစ်သည့်အတွက် တာဝါများအား မတည်ဆောက်မီ Plan အခြေအနေများကိုသာ Build Permit တင်ပြ၍ ခွင့်ပြုချက်ရယူသွားရန်ဖြစ်ပါသည်။ ထို့ပြင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ Tower ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီးမှသာ တာဝါတိုင်တည်ဆောက်မည့်မြေနေရာတည်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနပိုင်မြေများအတွက် ၎င်းဝန်ကြီးဌာနများနှင့်လည်းကောင်း ညှိနှိုင်းပေးမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ Tower Update စာရင်းများအား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် စာရင်းကိုက်ညီရန်အတွက်သာ ထိန်းသိမ်းထားရှိပြီး Build Permit အတွက် ခွင့်ပြုထားခြင်းမဟုတ်သည်ကို ရှင်းလင်းကွဲပြားစွာ သိရှိထားရန်လိုအပ်ပြီး အထက်ဖော်ပြပါအတိုင်း တာဝါတိုင်တည်ဆောက်ခွင့်တင်ပြမထားသော (သို့မဟုတ်) တင်ပြထားသော်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုခြင်းကိုလည်းကောင်း၊ သက်ဆိုင်သည့် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ

များတို့သို့ ညှိနှိုင်းပေးခြင်းကိုလည်းကောင်း မရရှိမီအချိန်တွင် တည်ဆောက်ထားသော တာဝါတိုင်များနှင့်ပတ်သက်၍ ကန့်ကွက်တိုင်ကြားမှုများရှိလာပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြခဲ့ခြင်းမရှိသည့်အတွက် ဖြုတ်သိမ်းရပ်ဆိုင်းသွားစေမည်ဖြစ်ကြောင်းနှင့် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေနှင့်အညီအဆင့်ဆင့် အရေးယူသွားမည်ဖြစ်ကြောင်းကို ကြိုတင် အကြောင်းကြားအပ်ပါသည်။

ပူးတွဲပါ(၁)စုံ

(မျိုးဆွေ)

ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အမှုဆောင်အရာရှိချုပ်၊ တယ်လီနော်မြန်မာကုမ္ပဏီလီမိတက်

အမှုဆောင်အရာရှိချုပ်၊ အော်ရီဒူးမြန်မာကုမ္ပဏီလီမိတက်

အမှုဆောင်အရာရှိချုပ်၊ တာ်လီကွန်းအင်တာနေရှင်နယ်မြန်မာကုမ္ပဏီလီမိတက်

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(အထူး)ရရှိသူများအားလုံး

(----------)

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(သာမန်)ရရှိသူများအားလုံး

(----------)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
(သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။)

ရုံးလက်ခံ

မျှော်စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဝို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀- ဆည / ခွဲ(၅) တာဝါ / ၃၄၄၁
ရက်စွဲ၊၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးကွန်ရက်ပြတ်တောက်မှုများရှိပါကအချိန်နှင့်တပြေးညီတင်ပြရန်ကိစ္စ**

ရည်ညွှန်းချက်။ (၁)ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏(၇-၄-၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၅၀၀-ဆည/ခွဲ(၅)တာဝါ/၂၉၀၈

(၂)ပြည်ထောင်စုဝန်ကြီးရုံး၏(၂၄-၄-၂၀၂၀)ရက်စွဲပါစာအမှတ်၊ဆသ-၅/ပတ (MPT)၂၀၂၀(၃၆၅)

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် တယ်လီဖုန်း ဆက်သွယ်ရေးကွန်ရက်များ ပြတ်တောက်မှုများရှိခဲ့ပါက မည်သည့်အတွက်ကြောင့် ပြတ်တောက်ရသည်ကို ခိုင်လုံသောအကြောင်းပြချက်များဖြင့် ပြန်လည်တင်ပြသွားရန်နှင့် ဆက်သွယ်မှုပြတ်တောက်သည့် ထူးခြားဖြစ်စဉ်ရှိတိုင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မပျက်မကွက် အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားကြရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရဆက်သွယ်ရေးအော်ပရေတာများသို့ ရည်ညွှန်းချက်(၁)ပါစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုဝန်ကြီးရုံးမှ ဆက်သွယ်ရေးပြတ်တောက်သည့် ထူးခြားဖြစ်စဉ်များအားလုံးကို အော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရကုမ္ပဏီများအားလုံးမှ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြစေရေး ညွှန်ကြားဆောင်ရွက်သွားရန် ရည်ညွှန်းချက် (၂)ပါစာဖြင့် အကြောင်းကြားလာသည့်အတွက် ဆက်သွယ်ရေးအော်ပရေတာများအပါအဝင် ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများအားလုံးအနေဖြင့် ဆက်သွယ်ရေးပြတ်တောက်မှုဖြစ်ပေါ်တိုင်း ပြတ်တောက်ရသည့် အကြောင်းအရာအသေးစိတ်နှင့် ရက်စွဲ၊ အချိန်တို့ကို အတိအကျဖော်ပြ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မပျက်မကွက်(မပျက်မကွက်) အချိန်နှင့်တစ်ပြေးညီ ပေးပို့တင်ပြသွားရန်နှင့် ပေးပို့တင်ပြရန်ပျက်ကွက်ခဲ့မှုအား စိစစ်ဖော်ထုတ်သိရှိရပါက ဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေများအနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ထပ်မံအသိပေး အကြောင်းကြားပါသည်။

(မျိုးဆွေ)
ညွှန်ကြားရေးမှူးချုပ်

<u>ဖြန့်ဝေခြင်း</u>

- လိုင်စင်ရဆက်သွယ်ရေးအော်ပရေတာများအားလုံး
- ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများအားလုံး

မိတ္တူကို

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊၅၀၀-ဆည/ ခွဲ (၅) တာဝါ / ၃၅၄၂
ရက်စွဲ ၊၂၀၂၀ ပြည့်နှစ် ၊ မေလ ၂၇ ရက်

**အကြောင်းအရာ။ တာဝါနှင့် ရေဒီယိုယိုစခန်းများ စာရင်းအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တရားဝင် သတ်မှတ်ထားသည့် ခရိုင်/ မြို့နယ်/ မြို့များ အလိုက် လစဉ် ထပ်မံ ထည့်သွင်း ဖော်ပြသွားရန်ကိစ္စ**

၁။ ဆက်သွယ်ရေး အော်ပရေတာများ အနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တာဝါ နှင့် ရေဒီယိုစခန်းစာရင်းများအား ပေးပို့ရာတွင် အချို့သော အော်ပရေတာများ အနေဖြင့် နိုင်ငံတော်မှ မြို့နယ်အဆင့် သတ်မှတ်ထားသည့် မြို့များကို ခရိုင်မြို့အဖြစ် လည်းကောင်း ၊ လိပ်စာ အတိအကျ ဖော်ပြရသည့် Site Address Column တွင်လည်း မြို့နယ်အဆင့်အထိသာ ပါဝင်ပြီး ၄င်းမြို့နယ် အတွင်းရှိ မြို့များ၌ **(ဥပမာ- လပွတ္တာမြို့နယ်သည် လပွတ္တာမြို့၊ ပြင်စလူမြို့၊ လပွတ္တာ(၃)မိုင်မြို့တို့ဖြင့် တရားဝင်ဖွဲ့စည်းထားသဖြင့်လည်းကောင်း၊ မြဝတီမြို့နယ်သည် မြဝတီမြို့၊ စုကလိမြို့၊ ဝေါလေမြို့ တို့ဖြင့် တရားဝင် ဖွဲ့စည်းထားသဖြင့် လည်းကောင်း)** မိမိတာဝါနှင့် ရေဒီယို စခန်းရှိပါက ထည့်သွင်း ဖော်ပြသွားရန်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာနာမည်များကိုလည်း ထည့်သွင်းဖော်ပြသွားရန် လိုအပ် လျှက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၂။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့်လည်း လွတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် လွတ်တော်မေးခွန်းများနှင့် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးများမှ အရေးကြီး ပုဂ္ဂိုလ် ခရီးစဉ်များရှိပါက ၄င်းဌာနများနှင့် ပုဂ္ဂိုလ်များက မေးမြန်းသည့် ခရိုင်/ မြို့နယ်/မြို့နှင့် ကျေးရွာအုပ်စု/ ကျေးရွာများအထိ တာဝါနှင့် ရေဒီယိုစခန်းစာရင်းများအား အော်ပရေတာများမှ ပေးပို့ထားသည့်အတိုင်း တိကျစွာ အသေးစိတ်ပြုစု၍ အချိန်နှင့် တစ်ပြေးညီ သတ်မှတ်ရက်များ အရောက် ပေးပို့တင်ပြရလျှက်ရှိပါသည်။ သို့ရာတွင် အော်ပရေတာများမှ လစဉ် ပေးပို့လျှက်ရှိသော စာရင်းများသည် အထက် အပိုဒ်(၁) တွင် ဖော်ပြထားသကဲ့သို့ ခရိုင် / မြို့နယ် နှင့် မြို့ သတ်မှတ်ချက်များ ကွဲလွဲခြင်း၊ Site Address Column ၌ မြို့နယ် အောက်ရှိ မြို့များ နှင့် ကျေးရွာအုပ်စု၊ ကျေးရွာအမည်များ မပါရှိခြင်းတို့ကြောင့် နိုင်ငံတော်အဆင့်ဌာနကြီးများသို့ ပေးပို့တင်ပြရာတွင် တိကျခိုင်မာမှုမရှိပဲ မြေပြင် နှင့် ကွဲလွဲမှုများ ဖြစ်ပေါ်လျှက်ရှိပါသည်။

၃။ သို့ဖြစ်၍ ဆက်သွယ်ရေးအော်ပရေတာများ အနေဖြင့် တာဝါနှင့် ရေဒီယိုစခန်းများ စာရင်းအား လက်ရှိပေးပို့နေသည့် ပုံစံများတွင် **Site Address Column ၌ ခရိုင်/ မြို့နယ်/ မြို့/ ရပ်ကွက်/ ကျေးရွာအုပ်စု/ကျေးရွာ စသဖြင့် ဝိုမိုတိကျစွာ ဖော်ပြသွားရန်** နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၃၁-၁၂-၂၀၁၈) ရက်နေ့တွင် သတ်မှတ်ထားသော

နောက်ဆုံးရ အချက်အလက်များအရ **ခရိုင်(၇၆) ခရိုင် / မြို့နယ် (၃၃၀) နှင့် မြို့ (၄၆၄) မြို့ အားလုံးတို့တွင် (ဥပမာ ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟသံာတခရိုင်တွင် မြို့နယ်(၆) မြို့နယ်နှင့် မြို့ (၁၃)မြို့တို့ရှိရာ (၁၃)မြို့နယ်လုံးတို့တွင် ဖော်ပြ၍) Tower နှင့် BTS များ ရှိ/မရှိ ဖော်ပြ၍** ပူးတွဲပါ ပုံစံဇယားများအတိုင်း တိကျစွာ ထပ်မံ ထည့်သွင်းပြုစု၍ လစဉ်ပေးပို့ သွားကြရန် License Condition 4.4(a)1 အရ အကြောင်းကြားပါသည်။

(မျိုးဆွေ)
ညွှန်ကြားရေးမှူးချုပ်

**ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**အမှုဆောင်အရာရှိချုပ်၊ Telenor Myanmar Limited**
**အမှုဆောင်အရာရှိချုပ်၊ Ooredoo Myanmar Limited**
**ဥက္ကဋ္ဌ၊ Telecom International Myanmar Co.,Ltd (Mytel)**

မိတ္တူကို
- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

၁၄.၆.၂၀

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားသော Wind Speed

| | | |
|---|---|---|
| 1 | Kachin State | 130 km/h |
| 2 | Kayah State | 130 km/h |
| 3 | Kayin State | 130 km/h |
| 4 | Chin State | 160 km/h |
| 5 | Sagaing Region | 130 km/h |
| 6 | Tanintharyi Region | 160 km/h |
| 7 | Bago Region | 160 km/h |
| 8 | Magway Region | 130 km/h |
| 9 | Mandalay Region | 130 km/h |
| 10 | Mon State | 160 km/h |
| 11 | Rakhine State | 225 km/h |
| 12 | Yangon Region | 195 km/h |
| 13 | Shan State | 130 km/h |
| 14 | Ayeyarwady Region | 195 km/h |
| 15 | Naypyitaw | 160 km/h |